## အကောက်ခွန်ဦးစီးဌာန

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပ) ဆိုက်ရောက်သို့ ရောက်ရှိလာသော ခရီးသည်များအပေါ် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ

၁။ လေဆိပ်(ပြည်ပ) ဆိုက်ရောက်သို့ ရောက်ရှိလာ ခရီးသည်များအပေါ် ဆောင်ရွက်လျှက်ရှိသည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပ) ဆိုက်ရောက်သို့ ရောက်ရှိလာသော ခရီးသည်များအနေဖြင့် ကြေညာရန်ပစ္စည်းများပါရှိလာပါက (Red Channel) မှ ဝင်ရောက်၍ ခရီးသည်ကြေညာလွှာ (Passenger Declaration Form) တွင် ကြေညာလိုသည်များကို ဖြည့်စွက်ရမည်။ ကြေညာရန် ပစ္စည်းများ မပါရှိပါက (Green Channel) မှ ဝင်ရောက်ရမည် ဖြစ်ပါသည်။

(ခ) Diplomatic နှင့် UN Passport ကိုင်ဆောင်သူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သံတမန် (သို့မဟုတ်) အထူးနိုင်ငံကူးလက်မှတ် ထုတ်ပေးထားသော ပြည်ပမှ ပြန်လာသည့် အစိုးရအရာရှိများ၏ ဝန်စည်များအား ဖွင့်ဖောက်စစ်ဆေးခြင်း မပြုပါ။ (**Vienna Convention Article 36, Preventive Service Manual (ကာကွယ်ရေးလက်စွဲ) Para 192,192(A))**

(ဂ) X-Ray ဖြင့် စစ်ဆေးပြီး သံသယဖြစ်ဖွယ် ပုံရိပ်တွေ့ရှိသည့် ဝန်စည်များနှင့် သတင်းအရ ဖွင့်ဖောက်စစ်ဆေးရန် လိုအပ်သည့် ဝန်စည်များအား ပူးပေါင်းအဖွဲ့နှင့်အတူ ခရီးသည် ရှေ့မှောက်တွင် မျက်မြင်စစ်ဆေးလျက်ရှိပါသည်။ (ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ- ၁၉၄)

(ဃ) ခရီးသည် ဝန်စည်များအား မျက်မြင်ဖွင့်ဖောက် စစ်ဆေးရာတွင် အကောက်ခွန်ဦးစီးဌာန၏ ၇-၅-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၅၇-က-၈၅) အရ ခရီးသည် ကိုယ်သုံးဝန်စည်ပစ္စည်းများ နှင့် အကျုံးဝင်သည့် ပစ္စည်းများ ဖြစ်ပါက အကောက်ခွန် ကင်းလွတ်ခွင့်ပြုမည်ဖြစ်ပါသည်။

(င) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၁၄ / ၉၈) တွင် ဖော်ပြထားသောပစ္စည်းများဖြစ်ပါက သွင်းကုန်လိုင်စင်ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုမည်ဖြစ်သော်လည်း ကျသင့်အခွန်များ ပေးဆောင်ရမည် ဖြစ်ပါသည်။

(စ) ခရီးသည်ဝန်စည်ပစ္စည်းများအနက် အကောက်ခွန်ဦးစီးဌာန၏ ၇-၅-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၇-က-၈၅) နှင့် အကျုံးမဝင်သည့်

ပစ္စည်းများနှင့် ခရီးသည် ကိုယ်သုံးဝန်စည်ထက်ကျော်လွန်ပြီး စီးပွားဖြစ် တင်သွင်းခြင်းတို့အား အခွန်ကောက်ခံလျက်ရှိပါသည်။ (အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာ အမှတ် ၁/၂၀၁၄)

(ဆ) အခွန်ကောက်ခံရာတွင် အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာ အမှတ် (၁/၂၀၁၄) အရ လိုင်စင်မလိုအပ်သော ပစ္စည်းများဖြစ်ပြီး ဒေါ်လာ (၅၀၀) အောက် တန်ဖိုးဖြစ်လျှင် Invoice / Voucher တင်ပြနိုင်ပါက သင့်လျော်မှု ရှိ/မရှိ စိစစ်၍ သင့်လျော်လျှင် Invoice / Voucher အတိုင်း စည်းကြပ် တန်ဖိုးသတ်မှတ်ပြီး ကျသင့်ခွန်ကောက်ခံ၍ တင်ပြသော Invoice / Voucher ပါဈေးနှုန်းသည် စည်းကြပ်ရန်မသင့်ဟု ယူဆလျှင် Internet Price (သို့မ ဟုတ်) Recorded Price များနှင့် စည်းကြပ်တန်ဖိုးသတ်မှတ်၍ ကျသင့် အခွန်များ ကောက်ခံလျှက်ရှိပါသည်။

(ဇ) လိုင်စင်မလိုအပ်သော ပစ္စည်းဖြစ်သော်လည်း ဒေါ်လာ (၅၀၀) အထက် တန်ဖိုး ရှိသော ပစ္စည်းများ များပြားစွာ သယ်ဆောင်လာပါက အောက်ဖော်ပြပါ အခြေ အနေများပေါ် သုံးသပ်၍ တားဆီးမှုပြုလုပ်ရန် သင့် / မသင့် ကို ဆုံးဖြတ်လျှက် ရှိပါသည်-

(၁) ပစ္စည်းသယ်ဆောင်လာသော ခရီးသည်သည် ကြိမ်ဖန်များစွာ မကြာခဏ သယ်ဆောင်နေသူဖြစ်ခြင်း၊

(၂) ရောင်းချရန် ရည်ရွယ်၍ သယ်ဆောင်လာသော ပမာဏဖြစ်နေခြင်း၊ (Commercial for Sale) (အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန် ကြားလွှာ အမှတ် ၁/၂၀၁၄)

(ဈ) လိုင်စင်လိုအပ်သော ပစ္စည်းများဖြစ်ပြီး (သက်ဆိုင်ရာဌာနများမှ ထောက်ခံ ချက်လိုအပ်သည့် ဆက်သွယ်ရေးပစ္စည်း၊ ဆေးဝါးပစ္စည်း၊ အစားအသောက်၊ Drone နှင့် ကန့်သတ်ပိတ်ပင်ပစ္စည်းများမပါ) ဒေါ်လာ (၅၀၀) အောက် တန်ဖိုး ရှိ ပစ္စည်းများဖြစ်ပါက ကျသင့်ခွန်များကောက်ခံခြင်းကို အထက်အပိုဒ် (ဆ) ပါ အတိုင်းဆောင်ရွက်လျှက်ရှိပါသည်။ ဒေါ်လာ (၅၀၀) အထက် တန်ဖိုးရှိပါက အကောက်ခွန် လုပ်ထုံးလုပ်နည်းများအတိုင်း တားဆီးမှုပြုလုပ်လျှက်ရှိပါ သည်။ (အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် ၁/၂၀၁၄)

(ည) သက်ဆိုင်ရာဌာနများမှ ထောက်ခံချက် (ဥပမာ- ဆေးဝါး၊ အစားအသောက်၊ Drone) ဖြင့် တင်သွင်းရမည့် ပစ္စည်းများပါရှိလာပါက သက်ဆိုင်ရာဌာန၏ ထောက်ခံချက်များ ပါရှိမှသာ ခွင့်ပြုပေးလျှက်ရှိပါသည်။ အဆိုပါ ပစ္စည်းများ တင်သွင်းရန်အတွက် တရားဝင်ခွင့်ပြုထားသော စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ခြင်းမရှိပါက ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ ကို ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူ၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ တားဆီးမှု ပြုလုပ်လျှက်ရှိပါသည်။

(ဋ) တားဆီးမှုပြုလုပ်ပါက လေဆိပ်၊ အကောက်ခွန်ဦးစီးဌာနမှ ပိုင်ရှင်အား Inventory Of Goods (တားဆီးပစ္စည်းစာရင်း) နှင့် ထုချေလွှာတို့အား ထုတ် ပေးမည်ဖြစ်ပါသည်။ တားဆီးပစ္စည်းများ ရွေးယူရန်အတွက် ပိုင်ရှင်မှ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ကာကွယ်ရေးဌာနခွဲရှိ မှုခင်းဌာနစိတ်တွင် အဆိုပါ စာရွက်စာတမ်းများနှင့်အတူ ပစ္စည်းရွေးယူခွင့်လျှောက်လွှာ၊ Passport မိတ္တူ ၊ ပစ္စည်းဝယ်ယူခဲ့သော Voucher (သို့မဟုတ်) Invoice မူရင်း၊ အခြား ဌာနများမှ ထောက်ခံချက်လိုအပ်သော ပစ္စည်းများဖြစ်ပါက သက်ဆိုင်ရာ ဌာန၏ ထောက်ခံများနှင့်အတူ လျှောက်ထားရမည်။ အကောက်ခွန်ဦးစီး ဌာနမှ ပိုင်ရှင် တင်ပြသော စာရွက်စာတမ်းများအား စိစစ်၍ ကျသင့်သော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဒဏ်ကြေးများကောက်ခံ၍ ပစ္စည်း များ ပြန်လည်ထုတ်ပေးလျှက်ရှိပါသည်။

(ဌ) မြန်မာနိုင်ငံသို့ ခေတ္တဝင်ရောက်လာသည့် နိုင်ငံခြားသားများ အနေဖြင့် ပြန်လည်ထွက်ခွာမည့်အချိန်တွင် ပြန်လည်ယူဆောင်သွားမည့် ခရီးသည်တစ်ကိုယ်ရည်သုံးပစ္စည်းများ ၊ လုပ်ငန်းခွင်သုံးပစ္စည်းများ (Tools & Equipment) များ၊ နိုင်ငံခြားငွေကြေးများနှင့် လက်ဝတ်ရတနာများ ပါရှိလာပါက Passenger Declaration Form တွင်ကြေညာစေ၍ ခွင့်ပြုပေးလျှက်ရှိပါသည်။

(ဍ) နိုင်ငံသားနှင့် နိုင်ငံခြားသားများသည် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ထက်ပိုသော မည်သည့်နိုင်ငံခြားငွေ (ငွေသား သို့မဟုတ် ငွေကြေးဆိုင်ရာ စာချုပ်စာတမ်းများ) မဆို ပါရှိလာပါက Passenger Declaration Form တွင် ကြေညာရမည်။(အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် ၂၂/၂၀၁၄)

(ခ) ဥပဒေဖြင့်ပြဌာန်း၍ ပိတ်ပင်တားမြစ်အရေးယူသည့် ပစ္စည်းများ မဟုတ်သော်လည်း နိုင်ငံတော်အတွင်းသို့ အကြောင်းအမျိုးမျိုးကြောင့် တင်သွင်းခွင့်မရှိသော ပစ္စည်းများကို ယာယီလာရောက်သည့် နိုင်ငံခြားသားခရီးသည်များ ယူဆောင်လာပါက လေဆိပ်တွင် Reshipment ပြုလုပ်၍ ခေတ္တသိမ်းဆည်းထားပြီး ခရီးသည်ပြန်လည် ထွက်ခွာသည့်အခါတွင် သတ်မှတ်ပုံစံဖြင့်ပြန်လည်ထုတ်ပေးလျှက်ရှိပါသည်။ **(Preventive Service Manual (ကာကွယ် ရေးလက်စွဲ) Para 161,162)**

၂။ လေဆိပ်မှ ခရီးသည်များအများဆုံးသယ်ဆောင်လေ့ရှိသည့် ပစ္စည်းများနှင့် အဆိုပါပစ္စည်းများအတွက် ကောက်ခံလျှက်ရှိသည့် အခွန်နှုန်းထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| **စဉ်** | **ပစ္စည်းအမျိုးအမည်** | **အကောက်ခွန် (CD)** | **ကုန်သွယ်လုပ်ငန်းခွန် (CT)** | **မှတ်ချက်** |
|---|---|---|---|---|
| ၁ | အဝတ်အထည်များ (Clothing) | 10 %, 15%, 20 % | 5 % | အဝတ်အထည်များတွင် ချည် (cotton) ဖြင့် လုပ်ထားသော အဝတ်အထည်နှင့် အခြားသော ချည်များ (wool, synthetic fibres , artificial fibres) ဖြင့် ပြုလုပ်ထားသော အဝတ်အထည်များ ဖြစ်နိုင်သဖြင့် အကောက်ခွန်နှုန်းများ ကွာခြားရခြင်း ဖြစ်ပါသည်။ |
| ၂ | ပိုက်ဆံအိတ်များ၊ လက်ကိုင်အိတ်များနှင့် အခြားသော အိတ်အမျိုးမျိုး (Bags, Hand Bags, Slim Bags, Travel Bags, Wallet.,etc) | 7.5 % | 5% | |
| ၃ | အလှကုန်အမျိုးမျိုး (Cosmetics) | 20 % | 5 % | |

| | | | | |
|---|---|---|---|---|
| ၄ | ခေါင်းလျှော်ရည် (Shampoo) | 20 % | 5 % | |
| ၅ | ဖိနပ် (Shoe, Slipper, Sandles) | 7.5 % | 5 % | |
| ၆ | နာရီ (Watch) | 10 % | 5 % | |
| ၇ | Food Supplement | 20 % | 5 % | |
| ၈ | Chocolate | 20 % | 5 % | |
| ၉ | နေကာမျက်မှန် (Sunglass) | 3 % | 5 % | |
| ၁၀ | ဦးထုပ် | 7.5 % | 5 % | |

၃။ အကောက်ခွန်ဦးစီးဌာန၏ ၇-၅-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၅၇-က-၈၅) အရ အကောက်ခွန်ကင်းလွတ်ခွင့်ရှိသော ခရီးသည် ကိုယ်သုံးဝန်စည် ပစ္စည်းများ အဖြစ် သတ်မှတ်ထားသည့် ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ခရီးသည်ကိုယ်သုံးဝန်စည်များ**

(၁) ခရီးဆောင်အပျော်တမ်းရိုက် ကင်မရာတစ်လုံး၊ ၎င်းနှင့်ဆက်စပ်နေသော အပိုပစ္စည်းတစ်စုံ (Professional ပစ္စည်းများမပါ)၊

(၂) ဂေါက်သီးရိုက်တံတစ်စုံ (Golf Set one set)၊

(၃) စက်ဘီးတစ်စီး ၊

(၄) ဆရာဝန်ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ လမ်းခရီးတွင် ခရီးသည်အမှန်တကယ်သုံးစွဲရန်လိုအပ်သည့် တားမြစ်ကန့်သတ်ချက်မရှိသော ကိုယ်သုံးဆေးဝါးများ ၊

(၅) နှစ်လီတာထက်မပိုသော အရက်ယမကာမျိုးစုံ ၊

(၆) (၁၅၀) ml ထက်မပိုသော ရေမွှေး ၊

(၇) လိပ်ရေ(၄၀၀)ထက်မပိုသော စီးကရက်၊ လိပ်ရေ(၅၀)ထက်မပိုသော ဆေးပြင်း လိပ်၊ (၂၅၀)gm ထက်မပိုသော ဆေးတံသောက်ဆေး၊

(၈) အမှတ်တရရိုက်ကူးရေးအတွက် ခရီးဆောင် Video Camera သို့မဟုတ် HD Cam သို့မဟုတ် DV Cam ကိရိယာတစ်ခုနှင့် အရံဓါတ်ခဲတစ်စုံ ၊

(၉) ခရီးဆောင် Computer တစ်လုံး၊ ယင်းနှင့် ဆက်စပ်ပစ္စည်းတစ်စုံ ၊

(၁၀) တန်ဖိုးအမေရိကန်ဒေါ်လာ ၅၀၀ ထက်မပိုသောခရီးသည်တစ်ကိုယ်ရည်သုံးဝန်စည်နှင့်အိမ်သုံး ပစ္စည်းများ ၊

(၁၁) (၄၂) လက်မ TV တစ်လုံး ၊

(၁၂) မြန်မာနိုင်ငံသားခရီးသည် မြန်မာနိုင်ငံမှ ထွက်ခွာသွားချိန်တွင် ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ယူဆောင်သွားသော လက်ဝတ်ရတနာများ၊ (မှတ်ချက်။ ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ယူဆောင်သွားသော လက်ဝတ်ရတနာများဟုဆိုသော စကားရပ်သည် အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၂၂ / ၂၀၁၄) အရ ခွင့်ပြုထားသည့် တန်ဖိုးပမာဏ ကျပ် (၁၀) သန်း ထက်ကျော်လွန်မှသာ ဗဟိုဘဏ်၏ ခွင့်ပြုချက် လိုအပ်မည် ဖြစ်ပါသည်။)

(ခ) အပိုဒ်ခွဲ(က)ပါ ပစ္စည်းများမှအပ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းမရှိသော ခရီးသည်တစ်ဦး၏ကိုယ်သုံးအတွက် ယူဆောင်လာသော ပစ္စည်းများ၊ တန်ဖိုးအမေရိကန်ဒေါ်လာ (၅၀၀) ထက်မပိုသော ပစ္စည်းများကို ခရီးသည်ကိုယ်တိုင်အသုံးပြုရန်ဖြစ်သည်ဟု ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်)၎င်းက အာဏာလွှဲအပ်ထားသော အကောက်ခွန် အရာရှိက ယုံကြည်လက်ခံလျှင် အကောက်ခွန် ကင်းလွတ်ခွင့်ရှိသော ဝန်စည် အဖြစ် သတ်မှတ်နိုင်သည်။

(ဂ) နိုင်ငံတော်အဖွဲ့အစည်းများနှင့် ဆက်စပ်၍သော်လည်းကောင်း၊ ပုဂ္ဂလိက ကုမ္ပဏီ များနှင့် ဆက်စပ်၍သော်လည်းကောင်း၊ နိုင်ငံတော်အတွင်းရင်းနှီးမြှုပ်နှံမှုနှင့် အခြားလုပ်ငန်းတာဝန်များဆောင်ရွက်ရန် ရောက်ရှိလာသော နိုင်ငံခြားသားများက ယူဆောင် လာသည့် လုပ်ငန်းသုံး Tools & Equipment ပစ္စည်းများကို လုပ်ငန်းပြီးဆုံး၍ နိုင်ငံတော်မှပြန်လည်ထွက်ခွာချိန်တွင် ပြန်လည်ယူဆောင်သွားပါမည်ဟု ကတိခံဝန် ချက်ဖြင့် ယူဆောင်ခွင့်ပြုသည်။

(ဃ) နိုင်ငံခြားတွင်သေဆုံးသွားသော ခရီးသည်တစ်ဦး၏ ပစ္စည်းများကို နိုင်ငံတော်အတွင်း ပြန်လည်တင်သွင်းလာပါက အကောက်ခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်စည်အဖြစ် သတ်မှတ်နိုင်သည်။

၄။ ပြည်ပမှ ဝင်ရောက်လာသော ခရီးသည်များသည် အောက်ပါပစ္စည်းများ သယ်ဆောင်လာပါက သက်ဆိုင်ရာဦးစီးဌာနများမှ ထောက်ခံချက်များ တင်ပြမှသာ ခွင့်ပြုမည် ဖြစ်ပါသည်-

(က) ဆေးဝါး၊ အစားအသောက်နှင့် Food supplement များဖြစ်ပါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်–FDA, DRC

(ခ) Drone with Camera များဖြစ်ပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ထောက်ခံချက်နှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ထောက်ခံချက်

(ဂ) Toy Gun များဖြစ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုံခြုံရေးကို အန္တရာယ်ဖြစ်စေနိုင်သောပစ္စည်း မဟုတ်ကြောင်းနှင့် ကစားစရာပစ္စည်းဖြစ်ကြောင်း ထောက်ခံချက်

(ဃ) တိရိစ္ဆာန်အရှင်များဖြစ်ပါက ကူးစက်ရောဂါ ကင်းရှင်းကြောင်း ထောက်ခံချက် (Animal Quaratine)

(င) အပင်၊ ပန်းမန်များဖြစ်ပါက ပိုးမွှားကင်းရှင်းကြောင်း ထောက်ခံချက် (Plant Quaratine)

(စ) အခြားထောက်ခံချက်ဖြင့် တင်သွင်းရမည့်ပစ္စည်းများအား သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ခံချက်

၅။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၁၄ / ၉၈) အရ သွင်းကုန်လိုင်စင်/ပါမစ် ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **PERSONAL GOODS**

| | | | |
|---|---|---|---|
| (၁) | Video Camera Complete unit | 1 | Set |
| (၂) | Typewriter | 2 | Nos |
| (၃) | Personal Computer | 2 | Sets |

| | | | |
|---|---|---|---|
| | (၄) | Video Tape (Unrecorded) | 12 Reels |
| | (၅) | Computer Disc | 24 Nos |
| | (၆) | Hats Caps, Umbrellas and Parasols | 3 Each |
| | (၇) | Footwear | 4 Pairs |
| | (၈) | Watch and Clock (all sorts) | 2 Each |
| | (၉) | Spectacles | 6 Nos |
| | (၁၀) | Calculators | 6 Nos |
| (ခ) | HOUSEHOLD GOODS | | |
| | (၁) | Kitchenware | |
| | | (ကက)Cooking Oven | 1 No |
| | | (ခခ) Stove | 1 No |
| | | (ဂဂ) Cooking Oven and Stove | 1 No |
| | (၂) | Food Mixer | 1 No |
| | (၃) | Generator | 1 No |
| | (၄) | Electric Motor | 1 No |
| | (၅) | Air Compressor | 1 No |
| | (၆) | Lawn Mower | 1 No |
| | (၇) | Electric Tools | 2 Sets |
| | (၈) | Photo Copier and Component Parts & Accessories | 2 Sets |
| | (၉) | Toner | 12 Lbs |
| | (၁၀) | Air Conditioner | 1 No |
| | (၁၁) | Water Cooler | 1 No |
| | (၁၂) | Pump | 2 Nos |
| (ဂ) | MUSICAL INSTRUMENTS | | |
| | (၁) | Electric Organ | 1 No |
| | (၂) | Drum Set & Outfit | 1 No |
| | (၃) | Electric Guitar and Amplifier | 1 No |

| | | | |
|---|---|---|---|
| (၄) | Piano Including Electronic Piano | 1 | No |
| (၅) | Polyphonic Synthesizer | 2 | No |
| (၆) | Strings for Musical Instruments | 6 | Doz |

(ဃ) COTTAGE INDUSTRY

| | | | |
|---|---|---|---|
| (၁) | Battery Charger | 2 | Nos |
| (၂) | Automotive Service Equipment | 1 | Set |
| (၃) | Welding Set | 2 | Set |
| (၄) | Voltage Regulator | 2 | Nos |
| (၅) | Transformer | 1 | No |
| (၆) | Paper Cutting Machine | 1 | No |
| (၇) | Printing Machine Including Offset Press | 1 | No |
| (၈) | Laminating Machine | 1 | No |
| (၉) | Camera (Still), Camera Equipment & Accessories | 1 | Set |
| (၁၀) | Power Hand Tools & Accessories | 1 | No |
| (၁၁) | Ice Cream Maker | 1 | No |
| (၁၂) | Multipurpose engine (and Spares) | 2 | Nos |
| (၁၃) | Sewing Machine (all Sorts) | 2 | Nos |
| (၁၄) | Overlock Machine | 2 | Nos |
| (၁၅) | Bordering Machine | 2 | Nos |
| (၁၆) | Knitting Machine | 2 | Nos |
| (၁၇) | Photo Enlarger & Accessories | 1 | No |
| (၁၈) | Spray Gun | 2 | Nos |
| (၁၉) | Lathe Machine | 1 | No |
| (၂၀) | Mitting Machine | 1 | No |
| (၂၁) | Drilling Machine | 1 | No |
| (၂၂) | Power Hack Saw Machine | 1 | No |
| (၂၃) | Snapping Machine | 1 | No |

| | | | |
|---|---|---|---|
| (၂၄) | Grinding Machine | 1 | No |
| (၂၅) | Shearing Machine | 1 | No |
| (၂၆) | Plastic Moulding Machine | 1 | No |
| (၂၇) | Machine Tool Accessories | 1 | Lt |
| (၂၈) | Electrical Measuring Instruments | 2 | Sets |
| (၂၉) | Rattan Straightening & Processing Machine | 1 | No |

(င) **PROFESSIONAL EQUIPMENT**

(၁) ANY EQUIPMENT APPARATUS/ INSTRUMENT 2 Each

(Electronic/ Electrical / Mechanical), Relating to Medical Field (excluding all items which have radiation effect)

The Following are representative items

(ကက) Portable E.C.G Machine

(ခခ) Microscope for Medical use

(ဂဂ) Blood Pressure Apparatus (Sphygmomanometer)

(ဃဃ) Diagnostic Set-

- (၁) Universal
- (၂) Specific-Eye, Nose, Throat, etc.

(ငင) Doctor Case

(စစ) Scope of various Types
- Proctoscope
- Sigmoid Scope
- Laryngoscope etc

(ဆဆ) Suction Apparatus of various types

(ဇဇ) Wheel Chair

(ဈဈ) Orthopaedic Prosthesis and Related Accessories

(ညည) All type of Equipment/ Apparatus relating to

Medical laboratory physiotherapy, anesthesiology, dentistry, urology, Cardiology

(၂) Oscilloscope and other Electronic Testing Equipment 2 Each

(၃) Auto Visual Equipment for Training & Education 2 Each

(၄) Video System Equipment 2 Each

(၅) Drafting Equipment 2 Each

(စ) ROAD TRANSPORT EQUIPMENT

(၁) Motor Cycle 1 No

(၂) Head Gear for Motor Cycle 2 No

(၃) Scooter 1 No

(၄) Bicycles 1 No

(ဆ) ELECTRICAL GOODS

(၁) TV / VCR / T.V Projection System/ Rewinder / Booster 1 Set Each

(၂) Frig/ Freezer 1 No Each

(၃) Cassette Tape 2 Doz

(၄) Radio/ Radio Cassette/Cassette 2 Nos Each

(၅) Electric Iron 2 Nos

(၆) Kilowatt Meter (Volt Meter/ Power Meter) 2 Each

(၇) Emergency Light 3 Nos

(ဓ) **Sport Goods**

(၁) Sport Goods US$ 3000 (Max Value)

**အကောက်ခွန်ဦးစီးဌာန**

**လေဆိပ်(ပြည်ပ) ထွက်ခွာမှ ထွက်ခွာမည့် ခရီးသည်များအပေါ် ဆောင်ရွက်လျှက်ရှိသည့် လုပ်ငန်းစဉ်များ**

၁။ လေဆိပ်(ပြည်ပ)ထွက်ခွာမှ ထွက်ခွာမည့် ခရီးသည်များအပေါ် ဆောင်ရွက်လျှက်ရှိသည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) Diplomatic နှင့် UN Passport ကိုင်ဆောင်သူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သံတမန် (သို့မဟုတ်) အထူးနိုင်ငံကူးလက်မှတ်ထုတ်ပေးထားသော အစိုးရအရာရှိများ၏ ဝန်စည်များအား ဖွင့်ဖောက်စစ်ဆေးခြင်း မပြုပါ။ **(Vienna Convention Article 36, Preventive Service Manual (ကာကွယ်ရေးလက်စွဲ) Para 192,192(A))**

(ခ) ခရီးသည်များ၏ ဝန်စည်များအား လုံခြုံရေး အဖွဲ့များမှ X-ray ဖြင့် စစ်ဆေးပြီး သံသယ ဖြစ်ဖွယ်ပုံရိပ်တွေ့ရှိမှသာ အကောက်ခွန်မှ ပူးပေါင်း၍ ခရီးသည်ရှေ့မှောက်တွင် မျက်မြင်ဖွင့်ဖောက် စစ်ဆေးလျှက်ရှိပါသည်။ (ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ-၁၉၄)

(ဂ) နိုင်ငံခြားခရီးသည်များ အနေဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်စဉ်က ယူဆောင်လာသည့် လက်ဝတ်ရတနာများကို ကြေညာခဲ့သည့် PD Form အထောက်အထားဖြင့်သာ ခွင့်ပြုပေးလျှက်ရှိပါသည်။

(ဃ) နိုင်ငံခြားခရီးသည်များ မြန်မာနိုင်ငံမှ ဝယ်ယူထားသည့် လက်ဝတ် ရတနာများအား သယ်ဆောင်လိုပါက ကျောက်မျက်ဥပဒေအရ နိုင်ငံခြားငွေဖြင့်

ရောင်းချရန် ခွင့်ပြုထားသည့် ရတနာဆိုင်များမှ ထုတ်ကုန်ခွင့်ပြုချက်သဖွယ် အသိအမှတ်ပြုထားသည့် Cash Memo များဖြင့်သာ သယ်ဆောင်ခွင့်ပြုလျှက်ရှိပါသည်။ (အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် ၆/၂၀၀၁)

(င) မြန်မာနိုင်ငံသား ခရီးသည်များ ပြည်ပသို့ ထွက်ခွာသည့်အခါ တန်ဖိုး ပမာဏအားဖြင့် ကျပ်(၁၀)သန်းထက် မပိုသည့် တစ်ဆင်ဆာ ဝတ်ဆင်ထားသော လက်ဝတ်ရတနာများကို ပြည်ပမှပြန်လည်ရောက်ရှိသည့်အခါ တပါတည်း ပြန်လည်ယူဆောင်လာမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနတွင် ဝန်ခံကတိထားရှိပြီးမှသာ ပြည်ပသို့ ယူဆောင်သွားခွင့်ပြုပါသည်။ (အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် ၂၂/၂၀၁၄)

(စ) မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံခြားငွေ လက်ဝယ်ကိုင်ဆောင်ခွင့် မရှိသဖြင့် တရားဝင်ရရှိထားသော နိုင်ငံခြားငွေဖြင့် (Account Transfer) နည်းလမ်းအရ ပေးချေဝယ်ယူခြင်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ခွင့်ပြုထားသည့် ငွေရပြေစာ (Cash Memo) တွင် Account Transfer ဖြင့် ဝယ်ယူကြောင်း အထောက်အထားပါရှိမှသာ လက်ဝတ်ရတနာများကို နိုင်ငံခြားသို့ ထုတ်ဆောင်ခွင့်ပြုပါသည်။ (အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် ၆/၂၀၀၁)

(ဆ) မြန်မာနိုင်ငံသား (သို့မဟုတ်) နိုင်ငံခြားသားများသည် မြန်မာနိုင်ငံမှ ထွက်ခွာရာ၌ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ထက်မပိုသည့် မည်သည့် နိုင်ငံခြားငွေ (ငွေသား သို့မဟုတ် ငွေကြေးဆိုင်ရာ စာချုပ်စာတမ်း များ) မဆိုယူဆောင်ခွင့်ရှိပါသည်။ (အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် ၂၂/၂၀၁၄)

(ဇ) အမေရိကန်ဒေါ်လာ ၁၀၀၀၀ ထက်ပိုသည့် မည်သည့် နိုင်ငံခြားငွေ (ငွေသား သို့မဟုတ် ငွေကြေးဆိုင်ရာ စာချုပ်စာတမ်းများ) မဆို ယူဆောင်သွားမည်ဆိုပါက မြန်မာနိုင်ငံသို့ ဝင်ရောက်စဉ်က PD Form တွင် မူလကြေညာခဲ့သည့် ငွေကြေးပမာဏအတွင်း အကျုံးဝင်ပါက ခွင့်ပြုပေးလျှက်ရှိပါသည်။ (အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် ၂၂/၂၀၁၄)

(ည) မြန်မာနိုင်ငံသားများအနေဖြင့် ဘာသာရေးပစ္စည်း၊ အစားအသောက်နှင့် အခြားကုန်ပစ္စည်းများ ပြည်ပသို့ ယူဆောင်လိုပါက အကောက်ခွန်ဦးစီး ဌာန၏ **ရုံးတွင်းညွှန်ကြားလွှာအမှတ် ၁/၉၁၊** ကုန်သွယ်ရေး ဝန်ကြီးဌာန၏ **အမိန့်အမှတ် ၁/၉၁** အရ သတ်မှတ် အရေအတွက်နှင့် တန်ဖိုးပမာဏအား ထုတ်ကုန်ပါမစ်မလိုဘဲ ယူဆောင်ခွင့်ပြုပါသည်။

(ဋ) နိုင်ငံခြားသားများအနေဖြင့် လက်မှုအနုပညာပစ္စည်းများ ပြည်ပသို့ ယူဆောင် လိုပါက သမဝါယမဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် တစ်စောင်လျှင် အမေရိ ကန်ဒေါ်လာ ၁၀၀၀ ထက်မပိုသည့် ကုန်ရောင်းပြေစာ (Cash Memo) ဖြင့် ခွင့်ပြုပေးလျှက်ရှိပါသည်။

(ဌ) ပြည်ပသို့ ယူဆောင်သည့် ဘာသာရေးပစ္စည်း၊ ပန်းချီကား၊ ယွန်းထည် ပစ္စည်းနှင့် လက်မှုအနုပညာပစ္စည်းသည် ရှေးဟောင်းဝတ္ထုပစ္စည်း မဟုတ် ကြောင်း ဆုံးဖြတ်နိုင်ရန်အတွက် လိုအပ်ပါက ရှေးဟောင်းသုတေသနဦးစီး ဌာန၏ သဘောထားမှတ်ချက် တင်ပြရပါမည်။ (အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် ၃၈/၉၁)

၂။ အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် ၁/၉၁ နှင့် ကုန်သွယ်ရေး ဝန်ကြီးဌာန၏ အမိန့်အမှတ် ၁/၉၁ အရ ထုတ်ကုန်လိုင်စင်/ ပါမစ်ရယူခြင်းမှ ကင်းလွတ်ခွင့် ပြုသည့်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဘာသာရေးပစ္စည်းများ

| | | |
|---|---|---|
| (၁) | ဘုရားဆင်းတု (ကျောက်စိမ်းမှ အပ)<br>(ဉာဏ်တော်အမြင့် တစ်ပေအထိ) | ၁ ခု |
| (၂) | ဘုရားဆင်းတုနှင့် လျော်ညီသော ပလ္လင် | ၁ ခု |
| (၃) | ဘုရားဆင်းတုနှင့် လျော်ညီသော တံကဲ (သို့) ကျောင်းဆောင် | ၁ ခု |
| (၄) | ဘာသာရေးဆိုင်ရာ အခြားရုပ်တု (ကျောက်စိမ်းမှအပ)<br>(အမြင့် တစ်ပေအထိ) | ၁ ခု |

မှတ်ချက်။ ကျောက်ဆင်းတု၊ ကျောက်ရုပ်တုနှင့် သစ်သားဆင်းတု၊ သစ်သား ရုပ်ပွားတော်နှင့် သစ်သားရုပ်ထုတို့ကိုသာလျှင် ယူဆောင်ခွင့်ရှိသည်။ ပလ္လင်၊ တံကဲ၊ ကျောင်းဆောင်နှင့် အခြားဘာသာရေးဆိုင်ရာ ရုပ်တုများတွင် နိုင်ငံတော်မှ ဥပဒေ အရ တားမြစ်ထားသော ပစ္စည်းများ မပါဝင်စေရ။

(ခ) အစားအစာများ

| | | |
|---|---|---|
| (၁) | ပုစွန်ခြောက် | ၅ ပိဿာအထိ |
| (၂) | ငါးခြောက် | ၅ ပိဿာအထိ |
| (၃) | ငါးပိ | ၅ ပိဿာအထိ |
| (၄) | ငံပြာရည် | ၅ ပိဿာအထိ |
| (၅) | ပဲမျိုးစုံ | ၅ ပိဿာအထိ |
| (၆) | အခြားစားသောက်ဖွယ်ရာ ပစ္စည်း တစ်မျိုးလျှင် | ၅ ပိဿာအထိ |

မှတ်ချက်။ အထက်ပါ အစားအစာ အားလုံး၏ စုစုပေါင်း အလေးချိန်သည် ၃၀ ပိဿာထက်မပိုစေရ။ ထို့ပြင် ဖော်ပြပါပစ္စည်းများသည် နိုင်ငံတော်၏ အဖွဲ့အစည်းများက ပိတ်ပင်တားမြစ်ထားသော ပစ္စည်းများ မဖြစ်စေရ။

(ဂ) အခြားကုန်ပစ္စည်းများ

| | | | |
|---|---|---|---|
| (၁) | ပန်းချီကား | တန်ဖိုးငွေကျပ် | ၅၀၀၀ အထိ |
| (၂) | ယွန်းထည် | တန်ဖိုးငွေကျပ် | ၅၀၀၀ အထိ |
| (၃) | စောင်းကောက် | | ၁ လက် |
| (၄) | ဘော်ကြယ်ထိုး အဝတ်ပန်းချီ | | ၂၄ စတုရန်းပေ အထိ |

(ဃ) စာအုပ်စာတမ်း

စာအုပ်စာတမ်းများ (တစ်ဦးသုံး အတွက်သာ) (ရှေးဟောင်းစာအုပ်များ၊ ဌာနဆိုင်ရာ မှတ်တမ်းနှင့် စီမံကိန်း စာတမ်းများနှင့် လုံခြုံရေးနှင့် သက်ဆိုင်နေသည့် စာပေများမှ အပ)

(င) နိုင်ငံတော် အဖွဲ့အစည်းများက ပိတ်ပင်တားမြစ်ထားခြင်းမရှိသော ပစ္စည်းများဖြင့် ပြုလုပ်သည့် လက်ဆောင်ပစ္စည်း

ထီး၊ ဖိနပ်၊ လွယ်အိတ်၊ လက်ကိုင်အိတ်၊ ပိုက်ဆံအိတ်၊ လက်မှုအနုပညာပစ္စည်းနှင့် အဝတ်အထည်စသည်များ (တန်ဖိုးငွေကျပ် ၅၀၀၀ အထိ)

(စ) ပြန်ကြားရေးဝန်ကြီးဌာန၊ ဗီဒီယိုဆင်ဆာအဖွဲ့က ပြည်ပသို့ သယ်ဆောင်ခွင့်စိစ်ချက်ရရှိ ခွင့်ပြုပြီးသော ဗီဒီယိုတိပ်ခွေ ၅ ခွေ

(ဆ) ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့က စိစစ်ခွင့်ပြုချက် ရရှိပြီးသော ကက်ဆက်ခွေ ၂၀ ခွေ